# “နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ”ဖြင့် တရားစွဲဆိုခံထားသော ဦးအောင်ကိုကိုလွင် အမှုနှင့် ပတ်သက်၍ သုတေသန အစီရင်ခံစာ

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်။

*“အသံ” အဖွဲ့မှ ပြုစုသည့် ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံအနှံ့တွင် ပေါ်ပေါက်လျှက်ရှိသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရသည့် ဖြစ်စဉ်များထဲမှ လူသိနည်းပါးသော ဖြစ်စဉ်တစ်ခုကို အသေးစိတ် သုတေသနပြုထားသည့် စာတမ်းငယ်အမျိုးအစား ဖြစ်သည်။ သုတေသန လုပ်ငန်းစဉ်အဖြစ် သက်ဆိုင်သူများ နှင့် တာဝန်ရှိသူများကို တွေ့ဆုံအင်တာဗျူးခြင်း၊ တရားခွင်ကြားနာမှတ်တမ်းတင်ခြင်း၊ ဥပဒေပါ အကြောင်း အ ရာနှင့် အမှုဖြစ်စဉ်များအား အကဲဖြတ်ခြင်းတို့ကို ထည့်သွင်းဆောင်ရွက်ခဲ့သည်။*

သထုံမြို့မှ ဦးအောင်ကိုကိုလွင်သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊၆ ရက်နေ့တွင် ***နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ*** [၁] ပါ ပုဒ်မ - ၈(စ) အား ချိုးဖောက်၍ ပြစ်မှုကျူးလွန်ကြောင်း တိုင်ကြားခံခဲ့ရသည်။ ၂၀၁၈ ခုနှစ်၊ ဖွန်လ ၄ ရက်နေ့တွင် အထက်ပါဥပဒေပါ ပုဒ်မ - ၁၀ ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရပြီး ဖွန်လ၊ ၈ ရက်နေ့တွင် အာမခံမရရှိဘဲ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ လက်ရှိအချိန်၌ သထုံမြို့အကျဉ်းထောင်တွင် အချုပ်နှင့် တရားရင်ဆိုင်နေရလျက်ရှိသည်။

ဦးအောင်ကိုကိုလွင် တရားစွဲဆိုခံခဲ့ရသောအကြောင်းအရင်းမှာ အွန်လိုင်းတွင် ရေပန်းစားခဲ့သည့် ***ဝန်ကြီးချုပ်တစ်ဦး၏ “ဟင်းတစ်မျိုးလျှော့စား” ဟူသော မိန့်ခွန်း ဗီဒီယိုဖိုင်*** နှင့် ပတ်သက်နေခဲ့သည်။ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပါဝင်သည့် လူထုတွေ့ဆုံပွဲတစ်ခုကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် သထုံမြို့နယ်၌ ပြုလုပ်ခဲ့သည်။ အဆိုပါ လူထုတွေ့ဆုံပွဲအပြီးတွင် ဦးအောင်ကိုကိုလွင်မှ ဝန်ကြီးချုပ်၏ ပြောစကားများဗီဒီယိုဖိုင်ကို ဖေ့ဘုတ်လူမှုကွန်ရက်တွင် လွှင့်တင်ခဲ့သည်။

အဆိုပါဗီဒီယိုဖိုင်လွှင့်တင်မှုကို အကြောင်းပြု၍ မွန်ပြည်နယ်လွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဝင် တစ်ဦးက ဦးအောင်ကိုကိုလွင်အား အထက်ပါဥပဒေပုဒ်မဖြင့် အမှုဖွင့်တိုင်ကြားခဲ့သည်။

အမှန်တကယ် အမှုဖွင့်တိုင်ကြားရာတွင် ဗီဒီယိုဖိုင်လွှင့်တင်သည့် ကိစ္စတစ်ခုတည်းအတွက်သာမဟုတ်ဘဲ ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်ဌာန၊ အစိုးရအဖွဲ့ စသည်တို့ကို အွန်လိုင်းတွင် ဝေဖန်ခဲ့ခြင်း များကြောင့်ဟု သိရသည်။ အမှုဖွင့်တိုင်ကြားသည့် သက်သေခံစာရွက်စာတမ်းများတွင် ဦးအောင်ကိုကိုလွင်မှ အစိုးရ၊ ဌာနဆိုင်ရာနှင့် လွှတ်တော်များကို လူမှုကွန်ရက်မှတဆင့် ဝေဖန်ထားသည့် Screenshot များစွာ ပါဝင်ခဲ့သည်။ အဆိုပါ Screenshot များတွင် ပါဝင်သော အကြောင်းအရာများမှာ သထုံမြို့၏ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးလျှပ်စစ်မီးရရှိရေး စသည့် ကိစ္စရပ်များဖြင့် အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်တို့ကို ဝေဖန်ရေးသားခြင်းများ၊ နိုင်ငံရေးဝေဖန်ပြောဆိုမှုများ ဖြစ်ကြသည်။

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ

အထက်ပါဥပဒေကို ၂၀၁၇ခုနှစ်၊မတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ အတည်ပြု ပြဋ္ဌာန်းပြီးနောက်တွင် ဥပဒေပါ အကြောင်းအရာများကို ဥပဒေပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများက ဝေဖန်ကန့်ကွက်ခဲ့ကြသည်။ ဥပဒေ၏ ရည်ရွယ်ချက်မှာ ကောင်းမွန်သော်လည်း ဥပဒေပါ ပြဋ္ဌာန်းချက်များမှာ အငြင်းပွားဖွယ်ရာများနှင့် ပြည့်နှက်နေပြီး ဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ကျယ်ပြန့်ဝေဝါးနေခြင်း၊ ရှေ့နောက် မလျော်ညီမှုများရှိနေခြင်းများ ရှိနေသည်ကို တွေ့ရှိရသည်။

အထူးသဖြင့် ပုဒ်မ-၈(စ) သည် ကျယ်ပြန့် ဝေဝါးနေပြီး အသရေဖျက်ခြင်းဆိုင်ရာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၅၀၀ နှင့် သဘောသဘာဝတူညီနေသည်ကို တွေ့ရှိရသည်။ အဆိုပါ အသရေဖျက်မှု ပုံစံမျိုးကိုလည်း ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်နိုင်ရန် ပုဒ်မ-၁၀ ၌ ဖော်ပြထားသည်။ ဥပဒေကို ရေးဆွဲခဲ့သောရည်ရွယ်ချက်ဖြစ်သည့် နောက်ယောင် ခံလိုက်ခြင်း၊ ကြားဖြတ်နားထောင်ခြင်းများကို ကာကွယ်ရန် ဟူသော အချက်များသည်လည်း လက်ရှိအချိန်ထိ အကျုံးဝင်နေခြင်း မရှိဘဲ တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးသမားများအပေါ် နောက်ယောင်ခံလိုက်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်း တို့ကို သတင်းရဲတပ်ဖွဲ့(SB) များက ယခင်ကဲ့သို့ပင် ပြုလုပ်နေဆဲဖြစ်သည်ကို တွေ့ရှိရသည်။

အစိုးရ၊ လွှတ်တော်၊ တရားရေး၊ ဌာနဆိုင်ရာ စသည်များကို ပြည်သူတစ်ယောက်မှ ဝေဖန်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးခြင်းပင်ဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် လူသားတိုင်း မွေးဖွားလာစဉ်ကတည်းကပါရှိသော အခြေခံရပိုင်ခွင့် တစ်ရပ်ဖြစ်ပြီး လူသားတိုင်းနှင့် သက်ဆိုင်သည်။

ဥပဒေတစ်ရပ်ရပ်အား အသုံးချပြီး နိုင်ငံရေးဝေဖန်ပြောဆိုမှုများကိုတားဆီးပိတ်ပင်ခြင်း၊ ဝေဖန်သူများကိုအရေးယူခြင်း စသည့် ပုံစံများသည် နိုင်ငံရေးဖိနှိပ်မှုပုံစံတစ်မျိုးဖြစ်ပြီး ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခြင်း ဖြစ်သည်ဟု အသံအဖွဲ့မှ ယုံကြည်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကို ချိုးဖောက်ရန် အသုံးချနိုင်သော ဥပဒေ များစွာရှိပြီး အဆိုပါဥပဒေများကို ပြင်ဆင်သင့်က ပြင်ဆင်ရန်၊ ဖျက်သိမ်းသင့်က ဖျက်သိမ်းရန် အသံ အဖွဲ့က အစဉ်တစိုက် အကြံပြုတင်ပြခဲ့သည်။[၂]

ဦးအောင်ကိုကိုလွင်အား တရားစွဲဆိုခဲ့သည့် ဖြစ်စဉ်ကဲ့သို့ နိုင်ငံရေး ဝေဖန်ပြောဆိုမှုများအပေါ် ယခုဥပဒေနှင့် တရားစွဲဆိုခြင်းသည် ဥပဒေ၏အားနည်းချက်များကိုအသုံးချပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တားဆီးကန့်သတ်ခြင်းဖြစ်သည်။

*ဥပဒေပါ ပုဒ်မ-၈(စ)နှင့် ပုဒ်မ-၁၀ တို့ကို ဖော်ပြအပ်ပါသည်။*

<table>
<tr><td rowspan="2">နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ</td><td>အခန်း (၄)<br>တားမြစ်ချက်များ<br><br>ပုဒ်မ - ၈(စ)</td><td>မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာ မရှိဘဲဖြစ်စေ၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက် မရှိဘဲဖြစ်စေ-<br>နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ၊ မိသားစုရေးရာကိစ္စများတွင် အဓမ္မ ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ။</td></tr>
<tr><td>အခန်း (၅)<br>ပြစ်ဒဏ်များ<br><br>ပုဒ်မ - ၁၀</td><td>မည်သူမဆို ပုဒ်မ ၇ ပါတားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ် ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့် အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။</td></tr>
</table>

*ပုံ (၁): နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပါ ကောက်နုတ်ချက်များ*

## စွပ်စွဲခံရသူ၏နောက်ခံအခြေအနေ

ဦးအောင်ကိုကိုလွင်သည် ၁၉၉၇-၉၈ ခုနှစ် ဝန်းကျင်ခန့်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ပါတီဝင်ဖြစ်လာခဲ့ပြီး ပါတီလုပ်ငန်းများတွင် အထိုက်အလျောက်ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ သထုံမြို့တွင် မြို့ဖွံ့ဖြိုးတိုးတက်ရေးများ၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးကိစ္စများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆောင်ရွက်နေသည့် တက်ကြွလှုပ်ရှားသူတစ်ယောက်ဖြစ်သည်။ သထုံမြို့ ကရုဏာလူမှုကူညီရေး အသင်း၏ နာယကအဖြစ် လူမှုရေးလုပ်ငန်းများကို တက်တက်ကြွကြွဆောင်ရွက်နေပြီး မြို့အင်္ဂါရပ်လိုအပ်ချက်များကို ဌာနဆိုင်ရာကိုတင်ပြတောင်းဆိုခြင်းများ၊ ဝေဖန်အကြံပြုခြင်းများ အမြဲတစေ ပြုလုပ်လျှက်ရှိသူ ဖြစ်သည်။

ဖမ်းဆီးမခံရမီ ၂ လအလိုအချိန်ထိ ဘေးတွဲကားမောင်းခြင်းကို စီးပွားရေးအနေဖြင့် လုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းတွင် မိဘထံမှ အမွေရသောကားဖြင့် အငှားယာဉ်မောင်းအလုပ် လုပ်ကိုင်ခဲ့သည်။ အငှားယာဉ်ရှားပါးသော သထုံမြို့တွင် အငှားယာဉ်မောင်းအလုပ်ဖြင့် အဆင်ပြေနေစဉ် ၂ လအကြာတွင် နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ-၈(စ) ဖြင့် အာမခံမရရှိဘဲ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။

ဦးအောင်ကိုကိုလွင် ဖမ်းဆီးခံခဲ့ရပြီးနောက်တွင် ဇနီးသည်ဖြစ်သည့် ဒေါ်မိုးသီတာအောင်သည် လုပ်ကိုင်ဆဲဖြစ်သည် သထုံမြို့မဈေးတွင် စက်ချုပ်သည့်အလုပ်ကို ရပ်နားပြီး အမျိုးသားဖြစ်သူ၏ အမှုကိစ္စများကို လိုက်လံဖြေရှင်းပေးနေရသည်။ ဦးအောင်ကိုကိုလွင် အချုပ်ကျနေသည့် ဇွန်လနှင့် ဇွန်လိုင်လတို့သည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ ဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းရာမှ အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့် ကာလလည်းဖြစ်သည်။ ဦးအောင်ကိုကိုလွင် ပါဝင်ဆောင်ရွက်နေသည့် *ကရုဏာလူမှုကယ်ဆယ်ရေးအသင်း* မှ ရေဘေးကယ်ဆယ်မှုများ၊ သွားရောက်ကူညီမှုများ ပြုလုပ်ရမည်ဖြစ်ရာ ၎င်းကိုယ်စား ဒေါ်မိုးသီတာအောင်က ဝင်ရောက်ဆောင်ရွက်ပေးနေသည်။

ဦးအောင်ကိုကိုလွင်နှင့် ဒေါ်မိုးသီတာအောင်တို့တွင် သားသမီး လေးယောက်ရှိပြီး ကျောင်းတက်နေဆဲအရွယ် သားသမီးသုံးယောက်အနက် တစ်ယောက်မှာ တက္ကသိုလ်ဝင်တန်းတက်ရောက်နေသည့် ကျောင်းသူဖြစ်သည်။ ဇနီးဖြစ်သူ ဒေါ်မိုးသီတာအောင်သည် ဦးအောင်ကိုကိုလွင် အချုပ်နှင့် တရားရင်ဆိုင်နေသည့် အချိန်တွင် မိသားစုစီးပွားရေး အကျပ်အတည်းကို တစ်ယောက်တည်း ရင်ဆိုင်နေရသည့် ကြားမှပင် ရုံဖန်ရုံခါတွင် နှလုံးရောဂါဖြင့် ဆေးရုံတက်ကာ ဆေးကုသမှုခံယူနေရသည်။

> **“ဒီဥပဒေဟာ ပြည်သူတွေရဲ့လွတ်လပ်ခွင့်ကိုအာမခံပေးရမှာဖြစ်တယ်၊ သူတို့ရဲ့လွတ်လပ်ခွင့်ကို အာမခံပေးရမှာမဟုတ်ဘူး”**
>
> *အောင်ကိုကိုလွင်*
> *(၁၁) ကြိမ်မြောက်တရားရုံးထုတ်*

ဒေါ်မိုးသီတာအောင်သည် ဦးအောင်ကိုကိုလွင်နည်းတူ ၉၇-၉၈ ခုနှစ်ဝန်းကျင်မှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်ခဲ့သူ တစ်ဦးဖြစ်သည်။ သထုံမြို့မှ မိုင် ၃၀ ကျော်ခန့်သာကွာဝေးသည့် ကရင်ပြည်နယ်၊ ဘားအံမြို့သို့ ဇူလိုင်လအတွင်းက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာရောက်စဉ်တွင် ဦးအောင်ကိုကိုလွင် မတရားခံနေရသည့် အခြေအနေအား တိုင်ကြားတင်ပြရန် ဒေါ်မိုးသီတာအောင်က ကြိုးစားခဲ့သည်။ ပထမတွင် ဒေါ်အောင်ဆန်းစုကြည်အား ပန်းစည်းနှင့်အတူ တိုင်ကြားစာပေးရန် စီစဉ်ထားသော်လည်း လုံခြုံရေးအစီအမံအရ ပန်းစည်းပေးခြင်းနှင့် အရာဝတ္ထုတစ်ခုခုပေးခွင့်ကို ပိတ်ပင်ထားသဖြင့် အစီအစဉ် ပြောင်းခဲ့ရသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အား ကိုယ်တိုင် တိုင်ကြားစာပေးရန် အခွင့်မသာသည့်အလျောက် ဒေါ်မိုးသီတာအောင်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အတင်းကျော် ဖြတ်၍ လုံခြုံရေးကားတန်းမှ ဒေါ်အောင်ဆန်းစုကြည် စီးနင်းလိုက်ပါသွားသည့် ကားဆီအရောက်သွားပြီး တိုင်ကြားစာအား ကိုယ်တိုင်ပေးပို့ရန် ကြိုးစားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တားဆီးထိန်းသိမ်းခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်မှ သိရှိပြီး တိုင်ကြားစာကို လက်ခံခဲ့သဖြင့် အဆိုပါတိုင်ကြားစာသည်လည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

# အငြင်းပွားဖွယ် ဥပဒေဆိုင်ရာ ဝိရောဓိများ

### ၁။ တရားစွဲဆိုရမည့်ဥပဒေကို မည်သို့ရွေးချယ်သနည်း။

ယခုဖြစ်စဉ်အပေါ် ***နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေ***ဖြင့် တရားစွဲဆိုရန် မည်ကဲ့သို့ ဆုံးဖြတ်သတ်မှတ်သနည်းဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်သည်။ အသရေဖျက်မှု ရှုထောင့်ဖြင့် စဉ်းစားပါက ယင်းဥပဒေ ပုဒ်မ-၈(စ) သည် ***အသရေဖျက်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၅၀၀*** နှင့် သဘောသဘာဝခြင်း ဆင်တူသော်လည်း အသရေဖျက်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေဖြင့် တရားစွဲဆိုခြင်း မပြုသည်ကို တွေ့ရှိရသည်။

### ၂။ တရားလိုပြုလုပ် တရားစွဲဆိုသည့်ပုဂ္ဂိုလ်။

သက်သေအဖြစ်ပူးတွဲတင်ပြထားသည့် Screenshot တွင်ပါဝင်သော ဦးအောင်ကိုကိုလွင် အမိက ဝေဖန်ပြောဆိုထားသည့် သူများမှာ ပြည်နယ်ဝန်ကြီးချုပ်တစ်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ ဖြစ်ကြသည်။ သို့ရာတွင် အဆိုပါပုဂ္ဂိုလ်နှစ်ဦးသည် တရားလိုအဖြစ် တိုင်ကြားမှု ပြုထားခြင်းမဟုတ်သလို သက်သေအဖြစ် ပါဝင်ထွက်ဆိုခြင်းလည်း မရှိသည်ကို (၁၂)ကြိမ်မြောက် ရုံးချိန်းအထိ တွေ့ရှိရသည်။ တိုင်ကြားသူမှာလည်း အထက်ပါ ပုဂ္ဂိုလ်နှစ်ဦး၏ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့် တင်ပြတိုင်ကြားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

*နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ၊*
*အခန်း(၅)၊ ပုဒ်မ-၁၀*

ပုဒ်မ ၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုသော် လည်းကောင်း ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး**ခြောက်လမှ** အများဆုံး **သုံးနှစ်ထိ** ထောင်ဒဏ်ချမှတ် ရမည့် အပြင် အနည်းဆုံး **ကျပ်သုံးသိန်းမှ** အများဆုံး **ကျပ် ၁၅ သိန်းအထိ** ငွေဒဏ်ချမှတ် နိုင်သည်။

*မြန်မာနိုင်ငံရာဇသတ်ကြီးဥပဒေ၊*
*အခန်း(၂၁)၊ ပုဒ်မ-၅၀၀*

မည်သူမဆိုအခြားသူတစ်ဦး၏ အသရေကို ဖျက်လျှင်၊ ထိုသူကို **နှစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်ရမည်။[၃]

*ပုံ(၂): ဥပဒေနှိုင်းယှဉ်ချက်*

| ဦးအောင်ကိုကိုလွင်၏အမှုဖြစ်စဉ် | ရက်စွဲ |
|---|---|
| သထုံမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခံခဲ့ရ။ တိုင်ကြားသူမှာ ကြားလူဖြစ်သည်။ | ဇန်နဝါရီ ၆၊ ၂၀၁၈။ |
| ပုဒ်မ-၈(စ) အား ချိုးဖောက်၍ ပြစ်မှု ကျူးလွန်သည်ဟုဆိုကာ ပုဒ်မ-၁၀ ဖြင့် တရားစွဲဆိုခံခဲ့ရ။ | ဇွန် ၄၊ ၂၀၁၈။ |
| ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးအာမခံမရရှိဘဲ ချုပ်နှောင်ထိန်းသိမ်းခံခဲ့ရသည်။ | ဇွန် ၅၊ ၂၀၁၈။ |
| ဒေါ်မိုးသီတာအောင်က အမှုဖြစ်စဉ်များအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထံသို့ တိုက်ရိုက်စာပေး တင်ပြခဲ့။ | ဇူလိုင် ၂၆၊ ၂၀၁၈။ |
| ၁၀ ကြိမ်မြောက် ရုံးချိန်း၊ တရားသူကြီး မှ စွဲချက်မြောက်ကြောင်း အမိန့်ချခဲ့။ | သြဂုတ် ၃၊ ၂၀၁၈။ |
| ၁၂ ကြိမ်မြောက် ရုံးချိန်း။ | သြဂုတ် ၂၂၊ ၂၀၁၈။ |

*ပုံ(၃): အမှုရက်စွဲမှတ်တမ်း*

### ၃။ ကြားလူမှ တရားစွဲဆိုခွင့် ရှိခြင်း/မရှိခြင်း အခြေအနေ။

***နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေ*** ဖြင့် တရားစွဲဆိုမှုပြုပါက ကြားလူမှတရားစွဲဆို၍ ရနိုင်ခြင်း ရှိ/မရှိကို ယင်းဥပဒေတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ***"ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၈*** *တွင်မူ ပြစ်မှုဆိုင်ရာဥပဒေ အခန်း ၁၉ ပါပုဒ်မများ၊ အခန်း ၂၁ ပါပုဒ်မများနှင့် ယင်းဥပဒေ၏ ပုဒ်မ ၄၉၃ မှ ၄၉၆ တို့ တွင် အကျုံးဝင်သည့် ပြစ်မှုတစ်ရပ်ကို အဆိုပါပြစ်မှုအရ နစ်နာခြင်းခံရသူက တိုင်တန်းချက်အရ မဟုတ်လျှင် မည်သည့် တရားရုံးကမျှ အရေးမယူရ"* ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အလွယ်အားဖြင့် သုံးသပ်ဖော်ပြရလျှင် **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ** အရ အသရေဖျက်မှုဆိုင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၅၀၀ ဖြင့် တရားစွဲဆိုပါက ကြားလူ (သို့) မျက်မြင်သက်သေ (သို့) တတိယပုဂ္ဂိုလ်က တရားစွဲဆိုပိုင်ခွင့်မရှိသည်ကို တွေ့ရှိရပါသည်။ သို့သော် နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ နှင့် တရားစွဲဆိုပါက ကြားလူမှ တရားစွဲဆိုနိုင်ခြင်း ရှိ/မရှိကို ယင်းဥပဒေတွင်ရော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ တွင်ပါ ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရပြီး ယင်းအခြင်းအရာသည် ဥပဒေ၏ အားနည်းချက်တစ်ခုပင်ဖြစ်သည်။

### သထုံခရိုင်အကျဉ်းထောင်တွင်းအခြေအနေ

*ဦးအောင်ကိုကိုလွင်အား ထောင်ဝင်စာနှင့် တရားရုံး ထုတ် များတွင် တွေ့ဆုံကာ အင်တာဗျူး မေးမြန်းခြင်း၊ ထောင်အခြေအနေအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ တာဝန်ရှိသူများ၊ မျက်မြင်သက်သေများကို တွေ့ဆုံမေးမြန်းခြင်း တို့မှတဆင့် အောက်ပါ အချက်အလက်များအား မှတ်တမ်းတင်ထားသည်။*

သထုံထောင်သည် လက်ရှိအချိန်တွင် သတ်မှတ်အင်အား အကျဉ်းသား ၅၀၀ ဝန်းကျင်ဖြင့် လည်ပတ်နေသော အကျဉ်းထောင်တစ်ခု ဖြစ်သည်။ (ခ) အဆင့် အကျဉ်းထောင်ဖြစ်ပြီး ထောင်စံနှုန်းများအရ အကျဉ်းသားဦးရေ ၂၀၀ ကျော်သာ ထားရှိရမည် ဖြစ်သော်လည်း စံနှုန်း၏ ၂ ဆကျော်ခန့် အထိ လူဦးရေများနေသည်။ နိုင်ငံတကာ ထောင်စံနှုန်းများအရ အကျဉ်းသားတစ်ဦးလျှင် အနည်းဆုံး ( ၂ပေ x ၆ပေ ) အကျယ်အဝန်း ထားရှိပေးရမည် ဖြစ်သော်လည်း ( ၁.၅ပေ x ၂ပေ ) အကျယ်အဝန်းသာ ထားရှိပေးနိုင်ကြောင်း သိရသည်။ အကျဉ်းသားများ နေထိုင်ရာ အခန်းကြီးများကို ထပ်ခိုး သဖွယ် အပေါ်အောက် ပိုင်းခြားပြီး တစ်ခန်းလျှင် ၂ ထပ် နေထိုင်နေရကြောင်းလည်း သိရသည်။

ဦးအောင်ကိုကိုလွင်၏ ပြောကြားချက်များအရ လူထူထပ်ချိန်တွင် ကျောတစ်ခင်းစာအပြည့်ပင် နေရာမရဘဲ၊ ဒူးကွေးပြီးအိပ်ရကြောင်းသိရသည်။ ဇူလိုင်လအတွင်းတွင် အကျဉ်းသား အယောက် ၄၀ ကျော် ရာသီတုပ်ကွေးများ ခံစားခဲ့ရပြီး ယခုအချိန်တွင်လည်း အရေပြားရောဂါများ ဖြစ်ပွားနေကြသည်ဟု သိရသည်။

သထုံအကျဉ်းထောင်တာဝန်ခံအရာရှိ(ထောင်ပိုင်) ဦးနိုင်ဝင်းအား အသံအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့ရာတွင် အကျဉ်းထောင်တွင်း လူဦးရေ ထူထပ်များပြားနေခြင်းသည် တစ်နိုင်ငံလုံးရှိ ထောင်များတွင် တွေ့ကြုံနေရသည့် ပြဿနာဖြစ်သည်ဟု ၎င်းမှ ပြောကြားခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စီမံကိန်းအရ ယခုနှစ် စက်တင်ဘာလအတွင်း သထုံမြို့နယ်နှင့် လေး မိုင်ခန့် ဝေးကွာသည့် ဈေးမသွယ်ရွာတွင် အကျဉ်းသား ဦးရေ ၅၀၀ ခန့် ဝင်ဆံ့သည့် (ခ) အဆင့် အကျဉ်းထောင် တည်ဆောက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ဦးအောင်ကိုကိုလွင်သည် ၎င်းနှင့်အတူ အကျဉ်းကျခံနေရသူအချို့ကို စာရေးတတ်၊ ဖတ်တတ်ရန် သင်ပေးနေခြင်းများ၊ စာအုပ်များထားရှိရန် ပြင်ပမှ အလှူခံခြင်းများ ပြုလုပ်နေကြောင်း သိရသည်။

## <u>အကြံပြုချက်နှင့် အခြား</u>

### အကြံပြုချက်များ

နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေသည် ပြင်ဆင်ပြဌာန်း ရမည့်ဥပဒေတစ်ရပ်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ပြင်ဆင်ပြဌာန်းရာတွင်လည်း နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများ နှင့်အညီ ပြဌာန်းရန်လိုအပ်ပြီး လွှတ်တော်ပြင်ပမှ ပညာရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ထိရောက်သည့် တွေ့ဆုံဆွေးနွေးမှုများ၊ အကြံပြုချက်များကို ရယူသင့်သည်။

အစိုးရ ခေါင်းဆောင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ပြည်သူတို့၏ ဝေဖန်မှုများကို ဂရုပြု နားထောင်သင့်ပြီး ဝေဖန်မှုများအပေါ် တရားစွဲဆိုမှုများ၊ အနုတ်သဘောဆောင် တုံ့ပြန်မှုများ မပြုလုပ်သင့်ပါ။

ဦးအောင်ကိုကိုလွင်၏အမှုအား တရားမျှတစွာ စီရင်ပေးရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

### ကိုးကားစာရင်း


၁။ Myanmar Law Information System (Government Official) https://www.mlis.gov.mm/lsScPop.do?lawordSn=1928

၂။ Report of ATHAN https://drive.google.com/file/d/13fQqfdZigwDmwHnPDyCCvaeXfZhfom3L/view?usp=drivesdk

၃။ Myanmar Law Information System (Government Official) https://www.mlis.gov.mm/lsScPop.do?lawordSn=9506


### ဆက်သွယ်ရန်


ကိုရဲဝေဖြိုးအောင် | သုတေသနမန်နေဂျာ

(+95)09-427-563-165 | athan.info@gmail.com